**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးပြောကြားခဲ့သည့် လမ်းညွှန်အမှာစကား**

ရုံးအမှတ် (၄)၊ နေပြည်တော် (၂၀၂၀) ပြည့်နှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့

- လက်တွေ့မြေပြင်တွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စေတနာအပြည့်ဖြင့် မိမိတို့ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ အားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိလေးစားပါကြောင်း၊
- ဝန်ကြီးဌာနအနေဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ (health care provider) ဆေးရုံများ၌ အဆင်ပြေစွာ လုပ်ကိုင်နိုင်စေရေးနှင့် ၎င်းတို့သည် ရောဂါကူးစက်ခံ ရနိုင်ချေမြင့်မားသူများဖြစ်သဖြင့် နေအိမ်သို့ ပြန်လည်နေထိုင်ပါက နေအိမ်ရှိအတူနေမိသားစုဝင်များထံ ရောဂါကူးစက်နိုင်ချေရှိနေသဖြင့် နေအိမ်သို့မပြန်လိုသူများအတွက် အဆင်ပြေစွာ နေထိုင်နိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပရဟိတအလှူရှင်များနှင့် တိုင်ပင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာများလည်းလျာထားပြီးဖြစ်ပါကြောင်း၊ ရောဂါပိုးတွေ့ရှိပြီး ရောဂါလက္ခဏာ မရှိသော မိမိတို့ကျန်းမာရေးဝန်ထမ်းများအတွက်လည်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ရောဂါကူးစက်ခြင်းမခံရစေရေး လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များအား ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် တိုင်ပင်၍ လိုအပ်ချက်များအား တတ်နိုင်သမျှအမြန်ဆုံး ဖြည့်ဆည်းခြင်းနှင့် ထပ်မံလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ပြည်သူများကုသမှုပေးနေသည့် မိမိတို့၏ဝန်ထမ်းများအား ရောဂါမကူးစက်စေရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းလိုအပ်ချက်များအား အသေးစိတ်ဆန်းစစ်ကာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထပ်မံ၍လည်း ကြိုတင်ဝယ်ယူဖြည့်တင်းလျက်ရှိပါကြောင်း၊
- COVID-19 လူနာများအား ကုသရာ၌ ပုဂ္ဂလိကဆေးရုံများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် အမြန်ဆုံးဆွေးနွေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊

- COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများ ခြေကုန်လက်ပန်းကျပါက ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးပြိုလဲသွားနိုင်သည့်အတွက် ဝန်ကြီး ဌာနရှိ တက္ကသိုလ် (၁၆) ခုမှ ဆရာ၊ ဆရာမများအား လိုအပ်သလို အလှည့်ကျတာဝန်ချထားခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ဓာတ်ခွဲနမူနာရယူခြင်း၊ ပို့ဆောင်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ လူနာများပို့ဆောင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ပို့ဆောင်ခြင်း၊ ကုသမှုပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် ကဏ္ဍများအလိုက် အဖွဲ့များဖွဲ့ကာ စောင့်ကြည့်အကဲဖြတ်ခြင်း၊ လိုအပ်ချက်များပံ့ပိုးခြင်းနှင့် ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို အားဖြည့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ် လျက်ရှိသော လက်တွေ့မြေပြင်အခြေအနေများကို သုံးသပ်ကာ ပိုမိုထိရောက် အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန်များကိုလည်း မွမ်းမံ၍ ထုတ်ပြန်လျက်ရှိပါကြောင်း၊
- ယခုအချိန်တွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဆောင်ရွက်၍ မရဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ လိုအပ်ချက်အချို့ကို ချက်ချင်းမဖြည့်ဆည်း နိုင်ပါကလည်း သည်းခံစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းပေးမည ဖြစ်ပါကြောင်း၊
- သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်မှသာလျှင် ကပ်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အစွမ်းကုန်ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာန၊ အစိုးရအဖွဲ့များ၊ နီးနွယ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား တာဝန်ခွဲဝေ သတ်မှတ်ခြင်း နှင့် သတင်းအချက်အလက်များ အချိန်နှင့် တစ်ပြေးညီဖလှယ်ခြင်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆိုင်ရာ အချက်အလက်များ အားလုံးကို တစ်နေရာတည်းစုစည်းမြင်နိုင်ကာ လက်ရှိ အခြေအနေကို ဆန်းစစ်သုံးသပ်ရန်၊ လုပ်ငန်းများကို ဆန်းစစ်ရန်၊ ပံ့ပိုးရန်နှင့် လိုအပ်သော အစီအမံနှင့် လုပ်ငန်းများ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရန် အတွက် စီမံခန့်ခွဲမှု သတင်းအချက်အလက်ပြ စာမျက်နှာ (dashboard) များစတင် ပြုလုပ်ရန် ညွှန်ကြား ထားပြီးဖြစ်ပါကြောင်း၊

- ထို့အပြင် အများပြည်သူအတွက် COVID-19 ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လွယ်ကူစွာ အချိန်နှင့် တစ်ပြေးညီသိရှိစေရန်အတွက် (dashboard) တစ်ခုကိုလည်း အမြန်ဆုံးပြုလုပ်၍ အင်တာနက်စာမျက်နှာ၌ တင်ထားမည်ဖြစ်ပါကြောင်း၊
- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Videoconferencing စနစ်ဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားမှ လည်းကောင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာရှုထောင့်များမှ ဆွေးနွေးပြောကြားခဲ့သည့် လမ်းညွှန်ချက်များအနက် အရေးကြီးသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်များကို မိမိတို့ မှတ်သားထုတ်နုတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- လူနာများအား ထိရောက်စွာကုသပေးနိုင်ရန် လမ်းညွှန်ချက်များကို ရေးဆွဲပေးသော ပါမောက္ခဆရာဝန်ကြီး များအားကျေးဇူးတင်ရှိပါကြောင်း၊
- ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ မိမိနေအိမ်သို့မပြန်လိုပါက နေထိုင်ရန် ကိစ္စရပ်များအား ဦးစီးဆောင်ရွက်နေသည့် ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း၊ ထပ်မံလိုအပ်သည့် ပံ့ပိုးမှုများအား ဝန်ကြီးဌာနမှ ဦးစားပေးပံ့ပိုးပေးအပ်သွားမည်ဖြစ်ပါကြောင်း၊
- ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ နှင့် ဆေးရုံများ၏ အခြားလိုအပ်ချက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါမကူးစက်စေရေး၊ လူနာများအား ပိုမိုထိရောက်စွာ ကုသပေးနိုင်စေရေး၊ COVID-19 လူနာနှင့်ထိတွေ့သူများအား လျင်မြန်စွာရှာဖွေဖော်ထုတ်နိုင်ရေးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစေရေး အတွက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်နှင့် အထူးကု ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းပြီးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**အစည်းအဝေးသို့ တက်ရောက်ခဲ့သူများ**

- ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်

ကုသရေးဦးစီး ဌာနမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံများမှ ဆေးပညာအထူးကုဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ်သို့ရောက်ရှိနေသော ဗဟိုကွင်းဆင်း အဖွဲ့များနှင့် တာဝန်ရှိသူများ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)